# ဦးနှောက်များအကြောင်း

အရှင်ဉာဏိက

ဒီဗွီဒီမှာ လူရွှင်တော် ကိုဇာဂနာပြောသွားတဲ့ ဟာသလေးကိုကြားရတော့ တစ်ခါက စာရေးသူကြားမိဖူးတဲ့ ဟာသလေးကိုလည်း ပြန်လည်သတိရမိပါတယ်။ ဘာကြောင့်သတိရမိတယ်ဆိုတာ ပိုပြီးပိုလွင်စေဖို့ ဒီဟာသနှစ်ခုကို ပူးတွဲပြီး ပြောလိုက်ပါဦးမယ်။

ကိုဇာဂနာက ပြောပါတယ်၊ “ဟိုတလောတုန်းက ကျနော်ပျက်ပါတယ်ဆိုပြီး အဲဒီပျက်လုံးလေးက အမေရိကန်တစ်ယောက်ရယ်၊ အင်္ဂလိပ်တစ်ယောက်ရယ်၊ ဗမာတစ်ယောက်ရယ် (၃) ယောက်တွေ့တော့ ကြွားကြတယ်ပေါ့၊ အမေရိကန်တစ်ယောက်က ကြွားတယ်၊ ငါတို့ အမေရိကန်တွေကွတဲ့၊ ခြေထောက်နှစ်ချောင်းမရှိဘဲနဲ့ ဧဝရက်တောင်ကို တက်ပြီးသွားပြီ၊ အဲဒီတော့ အင်္ဂလိပ်က မင်းတို့လောက်တော့ အချဉ်ပါတဲ့၊ ငါတို့အင်္ဂလိပ်က လက်နှစ်ဖက် မရှိဘဲနဲ့ ပစိဖိတ်သမုဒ္ဒယာကိုဖြတ်ကူးတာ၊ နှစ်ခေါက်ရှိပြီတဲ့။ အဲဒီတော့ ဗမာက မင်းတို့လောက်ကတော့ အချဉ်ပဲတဲ့၊ ငါတို့က ခေါင်းကိုမရှိဘူး၊ အုပ်ချုပ်နေတာ (၁၈) နှစ်ရှိပြီ”တဲ့။

ကြားမိဖူးတဲ့ ဟာသလေးကတော့ ဒီလိုပါ၊ ဒေါက်တာ ယန်းတဲ့၊ စင်္ကာပူနိုင်ငံက အလွန်ထင်ရှားတဲ့ ဦးနှောက်ခွဲစိတ်ကုသတဲ့ ဆရာဝန်ကြီးပါ၊ ဘယ်လောက်ထင်ရှားသလဲဆိုလျှင် စင်္ကာပူနိုင်ငံသားတွေပါမက အရှေ့တောင်အာရှ၊ တောင်အာရှနဲ့ အာဖရိကလိုနိုင်ငံများ၊ ဥရောပနဲ့ အမေရိကက ငွေကြေးပြည့်စုံသူများ၊ ရာထူးကြီးသူများပါ ဦးနှောက်နဲ့ပတ်သက်လာရင် ဒေါက်တာယန်းဆီကို လာရောက်ကုသကြတယ်လို့ဆိုပါတယ်၊ ခုနောက်ပိုင်းမှာ ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါရှင်တွေကလည်း ပိုပိုပြီးများလာလို့ ဒေါက်တာယန်းရဲ့ ခွဲစိတ်ကုသမှုကိုခံယူဖို့ နှစ်နှစ်လောက်တောင် ကြိုတင်စာရင်းပေးရတယ်လို့လည်း သိရပါတယ်၊ ကမ္ဘာမှာထင်ရှားတဲ့ပုဂ္ဂိုလ်တော်တော်များရဲ့ ဦးနှောက်ခွဲစိတ်မှုမှန်သမျှဟာ ဒေါက်တာယန်းနဲ့ကင်းသူရှားတယ်လို့ဆိုပါတယ်။ အဲဒီလောက်နာမည်ကြီးပြီး အလုပ်များတဲ့ဆရာဝန်ကြီးတစ်ဦးနဲ့ ကိုဖိုးဉာဏ် ကံအားလျော်စွာ စင်္ကာပူကနေ ဆန်ဖရန်စစ္စကိုအသွား လေယဉ်ပေါ်မှာ အမှတ်မထင် ဆုံဖြစ်ပါတယ်၊ အလ္လာပသလ္လာပ ပြောကြရင်း ဒေါက်တာယန်း ခွဲစိတ်ကုသပေးဖူးတဲ့ လူနာတစ်ယောက်အကြောင်း စကားစပ်မိပါတယ်၊ လူနာတွေများတဲ့ကြားထဲက ဒီလူနာတစ်ယောက်အကြောင်းကို အထူးမှတ်မိနေခဲ့တာကတော့ ဖြစ်တောင့်ဖြစ်ခဲ သူ့တစ်သက်မှာတစ်ခါသာ တွေ့ခဲ့ဘူးတာကြောင့်လို့လည်း ကိုဖိုးဉာဏ်ကို သူကပြောပါတယ်။

တစ်ခါက ထူးထူးဆန်းဆန်းလူတစ်ယောက်ကို ခွဲစိတ်ပေးခဲ့ဘူးတယ်တဲ့၊ အဲဒီသူ့ရဲ့ဦးနှောက်ဟာ သာမန်သူတွေရဲ့ ဦးနှောက်နဲ့မတူကွဲပြားနေတာကို သူသတိထားမိတယ်တဲ့၊ ဒါကြောင့် သေသေချာချာ လေ့လာဦးမယ်ဆိုတဲ့အနေနဲ့ ဦးနှောက်ကို အပြင်မှာထုတ်ပြီး စနစ်တကျလေ့လာနေလိုက်တာ အတော်ကြာသွားတယ်တဲ့၊ အပြင်မှာ ထားသင့်တဲ့ အချိန်ထက် ပိုကြာသွားတာကြောင့် ဦးနှောက်ရဲ့လုပ်ဆောင်နိုင်တဲ့စွမ်းရည်တွေအားလုံး သေကုန်တယ်တဲ့၊ ဒါကြောင့် သေနေတဲ့ဦးနှောက်ကို ပြန်ထည့်မယ်ဆိုလျှင်လည်း အကြောင်းမထူးတော့တာနဲ့ အဲဒီဦးနှောက်ကို ပြန်မထည့်တော့ပဲနဲ့ ဒီလူနာရဲ့ခွဲထားတဲ့ဦးခေါင်းကို ဒီအတိုင်းဦးနှောက်မပါ အခွံဗလာ ပြန်ချုပ်ပေးလိုက်တယ်တဲ့၊ ဒီတော့ ကိုဖိုးဉာဏ်ကဟာ ဒေါက်တာ ဒါဆို ဒီလူနာ အသက်ဘယ်ပြန်ရှင်တော့မှာလဲ၊ သေသွားမှာပေါ့လို့ပြောတော့၊ သူက ခေါင်းကိုအသာရမ်းပါတယ်တဲ့၊ နောက်ပြီး ဖြေးဖြေးသက်သာပဲ “အဲဒါပေါ့၊ ထူးထူးဆန်းဆန်းလူတစ်ယောက်ကို ခွဲပေးဖူးတယ်လို့ ကျနော်ပြောတာ၊ အတော် အသင်ပြင်းတဲ့သူဗျာ၊ ဒီလူ မသေတဲ့အပြင် ခု အိမ်နီးနားချင်းတိုင်းပြည်တစ်ပြည်မှာ တိုင်းပြည်ခေါင်းဆောင်လုပ်နေတာတောင် (၁၇)နှစ်နှစ် ကျော်ကျော်ရှိပြီ”လို့ပြောပါတယ်တဲ့။

ကိုဇာဂနာပြောတဲ့သူက ဦးခေါင်းမရှိတာ၊ ဒေါက်တာယန်းပြောတဲ့သူက ဦးနှောက်မရှိတော့တာ၊ နည်းနည်းလေးပဲကွာတာမို့ သတိရမိတာဖြစ်မှာပါ၊ ဒေါက်တာယန်းပြောတဲ့ အိမ်နီးနားချင်းတိုင်းပြည်တစ်ပြည်ဆိုတာကိုလည်း ခုတော့ပိုပြီး နားလည်သလိုဖြစ်မိပါတယ်။

လူရှင်တော်နဲ့ ဟာသရုပ်ရှင်ကားတွေကို ပရိသတ်ကဘာလို့ ဒီလောက်ကြိုက်နေရတာလဲဆိုတဲ့ အမေးကိုလည်း ကိုဇာဂနာက“ဟာသကားတွေကို လူကြည့်များလာခြင်းအကြောင်းရင်းကတော့ ကျွန်တော်တို့ ရန်ကုန် မန္တလေးမြို့ပေါ်မှာရှိတဲ့သူတွေက ရုပ်ရှင်ရုံထဲမှာပဲသွားသွား၊ အိမ်မှာပဲနေနေ၊ ဒီလိုဗျ၊ ကျနော်တို့ ဘယ်သွားသွား စိတ်ညစ်ရတယ်၊ ကားပေါ်တက်လဲ စိတ်ညစ်ရတယ်၊ စတိုးဆိုင်ထဲဝင်လဲ စိတ်ညစ်ရတယ်၊ ဘာလုပ်လုပ် စိတ်ညစ်ရမဲ့အတူတူတော့ သူတို့က တခြားဟာ မကြည့်ချင်တော့ဘူး၊ ငိုတာလဲ မကြည့်ချင်တော့ဘူး၊ ထိုးတာကြိတ်တာလဲ မကြည့်ချင်တော့ဘူး၊ ဆိုတော့ ရီစရာကားလေးတွေကိုပဲ သူတို့ကြည့်ချင်ကြတယ်လို့”ဖြေသွားပါတယ်။

ဖိစီးမှုတွေ၊ စိတ်ပျက်အားလျော့မှုတွေ၊ မျှော်လင့်ချက်ကင်းမဲ့မှုတွေနဲ့ ပြည့်နှက်နေတာမို့ ဒီဒဏ်တွေကနေ သက်သာရာရစေဖို့ ကြံဖန်ပြီး စိတ်ဖြေရာရှာနေရတဲ့သူတွေရဲ့ ဘဝများဟာ ရယ်စရာတွေနဲ့အတူ မောစရာတွေကလည်း များပြားလွန်းလှတာကို ကိုဇာဂနာ့အဖြေထဲမှာ တွေ့နိုင်ပါတယ်။ တခြားနည်းတွေနဲ့စိတ်ဖြေရာရှာ၊ စိတ်ထွက်ပေါက်ရှာတာနဲ့စာရင် ဘယ်သူမှ မထိခိုက်နိုင်တဲ့နည်းတွေနဲ့ ခုလိုဟာသလေးတွေနဲ့ ဖြေဆည်ရာရှာတတ်တာဟာ ချီးကျူးစရာပါ။ သို့ပမယ့် ဒါဟာ တကယ်ရင်ဆိုင်တွေ့ကြုံနေရတဲ့ ပြဿနာကို ပြေလည်သွားအောင် အမှန်လက်တွေ့ ဖြေရှင်းတဲ့နည်း မဟုတ်တာကြောင့် ပြဿနာများကတော့ ပြေလည်သွားမယ် မဟုတ်ပါဘူး။

ဒီအကြောင်းကို မိတ်ဆွေတစ်ဦးနဲ့ စာရေးသူ တစ်ခါက ဆွေးနွေးခဲ့ဖူးပါတယ်။ သူက ပြောပါတယ်၊ ခုခေတ်လူငယ်တွေ ဘာသာရေးဘက်ကို ပိုမိုလိုက်စားလာကြတယ်၊ ဒါဟာ တိုင်းပြည်အတွက်ကောင်းတဲ့လက္ခဏာဖြစ်တယ်လို့ ဆိုပါတယ်။ သူဆိုလိုတာက ကျောင်းကန်ဘုရားများဆီ လူငယ်တွေ အဝင်အထွက်များလာတယ်၊ ဒီလိုများလာရင် ရဟန်းသံဃာများ၊ ဘာသာရေးခေါင်းဆောင်များဆီက ဆိုဆုံးမမှုတွေကိုရမယ်၊ ဒီလိုဆို ဒီလူငယ်တွေအနေနဲ့ စာရိတ္တတွေ ပိုကောင်းလာမယ်၊ ခုလိုစာရိတ္တကောင်းမွန်တဲ့လူငယ်တွေ နောင်မှာလူကြီးဖြစ်လာလို့ သက်ဆိုင်ရာနေရာတွေကို တာဝန်ယူမယ်ဆိုလျှင် လာဘ်ပေးလာဘ်ယူမှုတွေ၊ ချစားမှုတွေ၊ မသမာမှုတွေ နည်းလာမယ်လို့ အကြမ်းစားယူဆနိုင်တာမို့ တိုင်းပြည်အနာဂတ်အတွက် ကောင်းတဲ့လက္ခဏာဖြစ်တယ်လို့ ဆိုလိုတဲ့သဘောပါ။

ဒီတော့ စာရေးသူက ခုလိုလူငယ်တွေ ဘာသာရေးကိုစိတ်ဝင်စားလာကြတာ ကောင်းတဲ့လက္ခဏာဖြစ်တယ်၊ ဟေးလားဝါးလား သောက်စားပျော်ပါးပြီး အချိန်ဖြုန်းနေတာ၊ လမ်းဘေးရောက်နေတာ၊ အရက်ဆိုင်ရောက်နေတာ ထက်စာလျှင် ဘာသာရေးကိုလေ့လာတာ၊ ကျောင်းကန်ဘုရားတွေဆီရောက်နေတာ အများကြီးပိုကောင်းတာပေါ့လို့ သူ့စကားကို လေးလေးနက်နက်ထောက်ခံခဲ့ပါတယ်၊ သို့ပေမယ့် သူစဉ်းစားနိုင်အောက်လည်း “သူတို့တွေဘာကြောင့် ခုလိုဘာသာရေးဘက်ကို ဦးလှည့်လာကြတာလဲ၊ ကျောင်းကန်ဘုရားတွေဆီကို ပိုရောက်လာနေကြတာလဲ၊ ခုလို ကျောင်းကန်ဘုရားတွေဆီ ရောက်လာတဲ့လူငယ်ဦးရေ အချိုးအစားကရော အရင့်အရင်က လူငယ်အချိုးအစားထက် ပိုပြီးများလာတာရော သေချာပါရဲ့လား”လို့ မေးဖြစ်ခဲ့ပါသေးတယ်။ ဒါကိုတော့ သူတိတိကျကျ မသိပါဘူးလို့ ဆိုပါတယ်။

နိုင်ငံတစ်နိုင်ငံကို စာရိတ္တချွတ်ယွင်းအားနည်းတဲ့သူတွေနဲ့ ဘယ်လိုမှထူထောင်လို့ရမယ် မဟုတ်တာသေချာပါတယ်၊ ဒါကြောင့် လူငယ်လူရွယ်တွေ ဘာသာရေးအဆုံးအမတွေနဲ့ ရင်းနှီးလာတာ၊ စာရိတ္တကောင်းမွန်ရေးဆီဦးတည်တဲ့ သင်တန်းများ၊ နေရာဒေသများ၊ ပုဂ္ဂိုလ်များနဲ့ အထိအတွေ့များလာတာ အားလုံးဟာ ကောင်းမွန်တဲ့လက္ခဏာများသာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေ စာရိတ္တကောင်းမွန်ဖို့ တတ်နိုင်သမျှ သင်တန်းတွေပို့ချပေးရမယ်၊ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးရမယ်၊ ဒါတွေက လုပ်ဆောင်ပေးရမယ့် အရာတွေသာဖြစ်ပါတယ်၊ သို့ပေမယ့် စာရိတ္တကောင်းမွန်စေရေးဆိုတာမျိုးကို ဘာသာရေးသင်တန်းတွေကနေသာ ပေးနိုင်တာ မဟုတ်ဘူးဆိုတာကိုလည်း သိဖို့တော့လိုပါတယ်။ တချို့အသိပညာနဲ့ အတတ်ပညာမျိုးကို ဘာသာရေးဆိုင်ရာသင်တန်းများမှာ လုံးဝမရနိုင်ပါဘူး၊ ဒီတော့ အဲဒီပညာမျိုးကို ရနိုင်တဲ့နေရများမှာသာ ရှာဖွေကြရမှာပါ၊ ရှာဖွေလို့ရနိုင်မည့် နေရာဌာနများ၊ အခွင့်အလမ်းများကိုလည်း လူငယ်လူရွယ်တိုင်း အလှန်းမီနိုင်အောင် ဖန်တီးပေးကြရမှာပါ။ အသိပညာ အတတ်ပညာရပ်တစ်ခုခုဟာ အခွင့်ထူးခံလူတစ်စုရဲ့မျိုးဆက်လောက်အတွက်သာ သင်ယူခွင့်ရနိုင်တဲ့အနေအထားမှာ၊ အထက်တန်းလွှာ လူတန်း

စားတစ်ရပ် အတွက်လောက်သာ လေ့လာဖို့ဖြစ်နိုင်တဲ့အခြေအနေမျိုးသာ ဖြစ်နေသေးတယ်ဆိုလျှင်ဖြင့် ဒီလူမျိုးနဲ့ တိုင်းပြည်ရဲ့ အနာဂတ်ဟာ နာလန်ထူဖို့ကိုပင် ဝေးနေဦးမှာပါ။ ကျန်းမာသန်စွမ်းနေသူများနဲ့ ယှဉ်ပြိုင် ရင်ဘောင်တန်းဖို့ကတော့ အထူးပြောနေဖို့ကိုပင် လိုမယ်မဟုတ်ပါဘူး။

ဒီတော့လူငယ်တွေ ဘာသာရေးဘက်ကို ဦးလှည့်လာကြတယ်၊ ကျောင်းကန်ဘုရားများ၊ ဘုရားရှိခိုးကျောင်းများ၊ ဗလီဝတ်ကျောင်းများဆီ အရောက်များလာကြတယ်၊သို့ပေမယ့် ဒီလူငယ်တွေ ခုလိုဘာသာရေးဘက်ဆီ ဦးလှည့်လာတာ၊ (ဘာသာရေးကိုစိတ်ညွတ်လာတာလို့ မရေးတာကို သတိပြုမိစေချင်ပါတယ်)၊ ဘာသာရေးနဲ့သက်ဆိုင်တဲ့နေရာတွေကို အရောက်များလာတာဟာ တခြားသင်ယူလေ့လာရမည့် နေရာမျိုး မရှိတာကြောင့် ရောက်လာတာရော မဖြစ်နိုင်ဘူးလား၊ သင်ယူရမည့်နေရာမျိုးရှိခဲ့လျှင်တောင် ဒီနေရာဌာန မျိုးတွေက သာမန်လူငယ် လူရွယ်အများစု လက်လှမ်းမမှီနိုင်နတဲ့နေရာမျိုး ဖြစ်နေတာကြောင့်ရော မဖြစ်နိုင်ပေဘူးလား။ နောက်ပြီး မြို့ပြကွက်ကွက်လေးကိုပဲ ကြည့်ပြီး ယနေ့လူငယ် လူရွယ်တွေ ဘာသာရေးဘက်ကို ပိုမိုဦးလှည့်လာတယ်ရယ်လို့ လူငယ်အားလုံးအပေါ်မှာ ခြုံငုံ ကောက်ချက်ဆွဲယူလို့လဲ အမှန်ရနိုင်မယ် မဟုတ်ပါဘူး၊ ကျေးလက်တောရွာတွေက လူငယ်လူရွယ်တွေဟာ အရင်ကနဲ့မတူ မိသားစုစားဝတ်နေရေးကြောင့် တစ်ရပ်တကျေးသွားပြီး ရှာဖွေကြရတာ ပိုများလာတာတွေ၊ ဟိုအရင်ကလို ကျေးရွာများက ဘုန်းတော်ကြီးကျောင်းများမှာ ကျောင်းသားကိုရင်များ မရှိကြတော့ပဲဖြစ်လာတာ၊ ကျေးလက်နေ လူငယ်လူရွယ်တွေ လယ်ထဲချောင်းထဲ မိသားစုနဲ့အတူ ဝမ်းရေးအတွက် ပင်ပင်ပန်းပန်းရှာဖွေ စားသောက်နေကြရတာတွေကိုလည်း ထည့်သွင်းစဉ်းဖို့လိုပါလိမ့်မယ်လို့ မိတ်ဆွေကိုပြောဖြစ်ခဲ့ပါသေးတယ်။ နောက်ပြီး မြို့ကြီးပြကြီးက စာသင်တိုက်တွေမှာ ရဟန်းသံဃာဦးရေတိုးတက်များပြားလာခြင်းဟာ ကျေးလက်တောရွာနဲ့နယ်တွေမှာ စီးပွားရေး ကျတ်တည်းလာမှုက အကြောင်းတစ်ခုဖြစ်နိုင်တယ်ဆိုတဲ့အကြောင်းကိုလည်း ပြောခဲ့ပါတယ်။ မြို့ကြီးပြကြီးများရဲ့ လမ်းဘေးအမှိုက်ပုံမှာ ပလတ်စတစ်၊ ဗူးခွံကောက်တဲ့လူငယ်တွေ ပိုများလာတာ၊ ကားဂိတ်များမှာ တောင်ရမ်းစားသောက်တဲ့ လူငယ်တွေပိုများလာတာ၊ အိမ်ဆောက် တိုက်ဆောက်တဲ့လုပ်ငန်းခွင်တွေမှာ၊ လဘက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ အလုပ်လုပ်ကြရတဲ့ လူငယ်တွေ ပိုများလာတာရော ထည့်သွင်းတွက်ချက်ဖို့လိုတယ် မဟုတ်ပါလားလို့လဲ မိတ်ဆွေကို မေးခွန်းထုတ်ခဲ့ပါသေးတယ်။

ကိုဇာဂနာဖြေသွားတဲ့အဖြေထဲမှာလို ဘယ်ကိုသွားသွား စိတ်ညစ်ရလို့ စိတ်ညစ်စရာ ရုပ်ရှင် ဗီဒီယိုဆို မကြည့်ချင်ကြတော့တာ၊ ဝမ်းနည်းပူဆွေးငိုကြွေးမှုတွေဆိုတာလည်း နေ့စဉ်ဘဝမှာ အတွေ့ရများလွန်းလို့ ငိုတာကို မကြည့်ချင်တော့တာ၊ ထိုးကြိတ်ရိုက်နှက် အနိုင်ယူရက်စက်တာမျိုးတွေ ကြုံရဆုံရလွန်းလို့ ထိုးတာကြိတ်တာကိုလည်း မမြင်ချင်၊ မကြည့်ချင်တော့ပဲ ရီမောစရာ ဟာသကားတွေကိုလူတွေပိုကြိုက်လာတာမျိုးလို , တွေ့ရမြင်ရ ကြုံရကြားရတဲ့ နေ့စဉ်လူမှုဘဝဒုက္ခသုက္ခတွေကနေ ယာယီရှောင်ပြေးဖို့၊ဖြေဆည်ရာရှာဖို့ ဘာသာရေးဘက်ကို ဦးတည်လာတာမျိုးဖြစ်မယ်ဆိုလျှင်တော့ ဒါဟာမှန်ကန်တဲ့ဖြေရှင်းနည်း မဟုတ်သေးဖူးလို့ ဆိုရမှာပါ၊ ဖြေရှင်းနည်းမမှန်လျှင်တော့ ပြဿနာကလည်း တကယ်ပြေလည်သွားမှာ မဟုတ်ပါဘူး၊ ဒီထက်ပိုပြီးအန္တရာယ်ရှိတာကတော့ လူငယ်ဘဝ သင်ယူလေ့လာရမည့်အချိန်မှာ သင်ယူလေ့လာစရာ နေရာဌာနမျိုးတွေ လုံလုံလောက်လောက်မရှိတာကြောင့်၊ တခြားလုပ်ကိုင်စရာ အခွင့်အလမ်း မရှိတာကြောင့် ယနေ့လူငယ်တွေ ဘာသာရေးဘက်ကို ဦးလှည့်လာတာမျိုးဆိုလျှင်တော့ ဒါဟာအနာဂတ်တိုင်းပြည်အတွက် ကောင်းတဲ့လက္ခဏာဆီ ဦးတည်နေတယ်ရယ်လို့ ဘယ်လိုမှပြောလို့ရမယ် မဟုတ်ပါဘူး။ ဖြေရှင်းရမည့်အရာကို ဖြေဆည်ရာနှင့်အစားထိုးပြီး ကျေနပ်ရောင့်ရဲမနေမိစေဖို့ လိုအပ်သလို လုပ်ရပ်ကောင်းဆိုတာ စေတနာကောင်းနဲ့ ရလဒ်ကောင်းလည်းရှိပါမှသာ တကယ့်တန်ဖိုးရှိတဲ့လုပ်ရပ်လို့ ဆိုရမှာဖြစ်ကြောင်းကိုလည်း မိတ်ဆွေကို ဖြည့်စွက်ပြောလိုက်ချင်ပါသေးတယ်။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက